FIRST NATIONAL INSURANCE (LIFE) CO., LTD

FNILife
Assuring Peace of Mind, the Essence of Life

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# အာမခံထားသူရရှိမည့်အကျိုးခံစားခွင့်များ

(၁) အာမခံထားသူသေဆုံးလျှင်ဖြစ်စေ၊ ရှုံးသွပ်လျှင်ဖြစ်စေ၊ ဤလက်မှတ်တွင် ဖော်ပြထားသည့် အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူအား အာမခံထားငွေကို တစ်လုံးတည်းထုတ်ပေးပါမည်။

(၂) အာမခံထားသူ ထာဝစဉ်မသန်စွမ်းဖြစ်လျှင် အာမခံလက်မှတ်တွင် ဖော်ပြထားသည့် အာမခံထားငွေအတိုင်း တစ်လုံးတည်း ရခွင့်ရှိပါမည်။

(၃) အာမခံထားသူ မတော်တဆထိခိုက်မှုကြောင့် ဒဏ်ရာရလျှင် ဆရာဝန်၏ ထောက်ခံချက်ပေါ် အခြေခံ၍ အာမခံထားငွေအပေါ် သတ်မှတ်ထားသည့် အကျိုးခံစားခွင့်နှုန်းထား အချိုးအစားအတိုင်း ရခွင့်ရှိပါမည်။ အာမခံသက်တမ်းအတွင်း ထိခိုက်ဒဏ်ရာရရှိမှုအတွက် (၃) ကြိမ် အထိသာ အကျိုးခံစားခွင့်ရှိပြီး အကျိုးခံစားခွင့်ငွေ စုစုပေါင်းသည် အာမခံထားငွေထက် မကျော်လွန်စေရ။

(၄) အာမခံထားသူ မတော်တဆထိခိုက်ဒဏ်ရာ ရရှိခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော ဆေးရုံ ၊ ဆေးခန်းတွင် တက်ရောက်ကုသရပါက အာမခံထားငွေ ကျပ် (၁) သိန်းအတွက် (၁) ရက်လျှင် ကျပ် ၂၀၀၀/- နှုန်းဖြင့် အများဆုံး (၅) ရက်အထိ ဆေးကုသစရိတ် ခံစားခွင့်ရှိပါမည်။ အာမခံသက်တမ်းအတွင်း ဆေးရုံတက်ရောက် ကုသခြင်း အကျိုးခံစားခွင့်ကို (၃) ကြိမ်အထိသာ ခံစားခွင့်ပြုပါမည်။

(၅) အာမခံထားသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်များရရှိပြီးဖြစ်စေကာမူ သေဆုံးမှုအကျိုးခံစားခွင့် / ထာဝစဉ်မသန်စွမ်းဖြစ်မှုအကျိုးခံစားခွင့်ကိုပါ ထပ်မံခံစားခွင့် ရှိပါမည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိမှု နှင့် သေဆုံးမှု / ထာဝစဉ်မသန်စွမ်းဖြစ်မှုတို့သည် ဖြစ်ရပ်တစ်ခုတည်းမဟုတ်ပဲ သီးခြားဖြစ်ပွားခြင်းသာ ဖြစ်ရပါမည်။

(၆) အာမခံထားသူပျောက်ဆုံးခြင်းနှင့် အလောင်းရှာမတွေ့ခြင်းတို့အတွက် အကျိုးခံစားခွင့်ကို (၂) နှစ်အတွင်း မျက်မြင်အားဖြင့်သွားလာလှုပ်ရှားမှု မရှိတော့ကြောင်းကို ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ရရှိလျှင် ထုတ်ပေးပါမည်။

# အကျိုးခံစားခွင့်ပေးရန်အကျုံးမဝင်သည့်အချက်များ

(၁) မိမိကိုယ်ကိုသတ်သေခြင်း။

(၂) အာမခံထားသူကိုယ်တိုင် ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဆေးကုသခြင်း၊ သေဆုံးခြင်း။

(၃) အာမခံထားသူ ကိုယ်တိုင်အရက်/ မူးယစ်ဆေးဝါးသုံးစွဲ/ ဖြတ်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဆေးကုသရခြင်း၊ သေဆုံးခြင်း။

(၄) နားကြားကိရိယာတပ်ဆင်ခြင်းအတွက် ကုန်ကျစရိတ်များ။

(၅) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။

(၆) ရောဂါရှာဖွေစစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်များ။

(၇) သားသမီးရလိုမှုဖြင့် ဆေးကုသခြင်းများအတွက် ကုန်ကျစရိတ်များ။

(၈) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှ အပဖြစ်သော မျက်မှန်တပ်ခြင်း၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိခွဲစိတ်ကုသခြင်းတို့အတွက် ကုန်ကျစရိတ်များ။

(၉) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှ အပဖြစ်သော မျက်မှန်တပ်ခြင်း၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိခွဲစိတ်ကုသခြင်းတို့အတွက် ကုန်ကျစရိတ်များ။

(၁၀) အလှအပအတွက် ခွဲစိတ်ပြုပြင်ခြင်းများကြောင့် ကုန်ကျစရိတ်များ။

(၁၁) မွေးရာပါပုံမှန်မဟုတ်သော ရောဂါ/ ပုံစံပျက်ယွင်းခြင်းကြောင့် ခွဲစိတ်ကုသခြင်းအတွက် ကုန်ကျစရိတ်များ။

(၁၂) အာမခံထားသူသေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ဆေးရုံတက်ရောက်ကုသခြင်းအတွက် အကျိုးခံစားခွင့်တောင်းခံခြင်းကို ဖြစ်ပွားသည့်နေ့မှစ၍ တစ်နှစ်ကျော်မှ တောင်းခံသည့်ကိစ္စများ။